# မိဘများအတွက် ကော်လိုရာဒို
# အော်တာနိတ် လမ်းညွှန် (CoALT)
# သိပ္ပံနှင့် လူမှုရေးဘာသာရပ်များအား အကဲဖြတ်စစ်ဆေးခြင်း

DENVER PUBLIC SCHOOLS
Discover a World of Opportunity™

ဆန်းစစ်အကဲဖြတ်မှုများသည် အတန်းအဆင့်နှင့် ကျောင်းသားကျောင်းသူများတွင်ရှိရမည့် ဗဟုသုတနှင့်အတတ်ပညာစံနှုန်းများကို အောင်မြင်နဲ့စပ်မှုရှိမရှိသော်လည်းကောင်း၊ ၂၁ ရာစုအတွက် ပြင်ဆင်ထားပြီးဖြစ်၍ အထက်တန်းကျောင်းအောင်မြင်ရန် လမ်းကြောင်းပေါ်တွင်ရောက်ရှိနေမှုရှိမရှိတို့နှင့်စပ်လျဉ်းပြီးကျောင်းသားကျောင်းသူများ၊မိဘများနှင့် ဆရာဆရာမများကို တန်ဖိုးရှိသည့် အချက်လက်များ ရရှိစေပါသည်။ ယင်းဆန်းစစ်အကဲဖြတ်စစ်ဆေးမှုရလာဒ်များဖြင့် သင့်ကလေး၏ပညာရေးပိုင်းတိုးတက်မှုရှိမရှိကို သိသာစေမည့် သက်သေခံကိုယ်ထည်တစ်ခုအား တိုင်းတာရန် ရည်ရွယ်သည်။

## CoALT ကော်လိုရာဒို အော်တာနိတ် သိပ္ပံနှင့် လူမှုရေးဘာသာရပ်များအား အကဲဖြတ်စစ်ဆေးခြင်းဆိုသည်မှာအဘယ်နည်း။

CoALT ကော်လိုရာဒို အော်တာနိတ် သိပ္ပံနှင့် လူမှုရေးဘာသာရပ်များအား အကဲဖြတ်စစ်ဆေးခြင်းဆိုသည်မှာ ကော်လိုရာဒိုပညာရေးစံနှုန်းများ၏ တိုးချဲ့ သတ်မှတ်ထားသောသက်သေတည်ရလာဒ်များအတိုင်း ကျောင်းသား၏တိုးတက်မှုကို တိုင်းတာခြင်းဖြစ်ပြီး စံနှုန်းအခြေပြုဖြစ်သည်။ ယင်းသည် သင်ကြားလေ့လာရေးပုံစံများကိုပြင်ဆင်ထားသော မွမ်းမံချက်များအား အသုံးပြု၍ပင် PARCC တွင် မပါဝင်နိုင်သော အသိဉာဏ်ပိုင်း သိသိသာသာချို့တဲ့နေသည့် ကျောင်းသားများအတွက် ပြည်နယ်မှ သတ်မှတ်ထားသော အကဲဖြတ်စစ်ဆေးမှုဖြစ်သည်။ CoALT ကော်လိုရာဒို အော်တာနိတ် သိပ္ပံ အကဲဖြတ်စစ်ဆေးခြင်းကို ၅ တန်းနှင့် ၈ တန်းကျောင်းသားကျောင်းသူများအတွက် ပြုလုပ်ပါမည်။ CoALT ကော်လိုရာဒို အော်တာနိတ် လူမှုရေးဘာသာရပ်များအားအကဲဖြတ်စစ်ဆေးခြင်းကို ၄ တန်းနှင့် ၇တန်းကျောင်းသားကျောင်းသူများအတွက်ပြုလုပ်မည်ဖြစ်ပြီး ၎င်းအတန်းများမှ ကျောင်းသားကျောင်းသူ ၃ ပုံ ၁ ပုံခန့် အတွက် ပြုလုပ်မည်ဖြစ်သည်။

## ကလေးအား မည်သည့်အချိန်တွင် စစ်ဆေးမည်နည်း။

သင့်ကလေးအား ဧပြီလတွင် စစ်ဆေးမည်ဖြစ်သည်။ စစ်ဆေးမှုပြုလုပ်ကာလသည် ၂၀၁၆ ခုနှစ် ဧပြီလ ၁၁ ရက်မှ ဧပြီလ ၂၉ ရက် အတွင်းဖြစ်သည်။ သင့်ကလေးအား ကာလတစ်ခုလုံးတွင်စစ်ဆေးမည်မဟုတ်ပဲ ကလေး၏အတန်းနှင့် ဘာသာအပေါ်အခြေတည်ပြီး ရက်အချို့တွင်သာ စစ်ဆေးမှုပြုမည်ဖြစ်သည်။ ကလေးအားစစ်ဆေးမှုပြုမည့်နေ့ကို သိရှိရန်အတွက် သင့်ကလေးကျောင်းမှ ဆရာနှင့် ဆွေးနွေးညှိနှိုင်းပါ။



### ဧပြီလ

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသာပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | | | | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ |

## ကလေးမှ မည်ကဲ့သို့အမှတ်(များ)ရမည်နည်း။

သင့်ကလေးသည် စကေးအလိုက် ရမှတ်နှင့် စွမ်းဆောင်ရည် အဆင့်သတ်မှတ်ချက်တို့ကို ရရှိမည်ဖြစ်သည်။ စွမ်းဆောင်ရည်အ ဆင့်သတ်မှတ်ချက်များသည် အတန်းတစ်ခုစီအလိုက် ကျောင်းသားကျောင်းသူများတွင် ရှိသင့်ရှိထိုက်သည့် အယူအဆများနှင့် အတတ်ပညာများကို ဖော်ညွှန်းပေးသည်။ အပြန်လှန်ဆက်နွယ်နေသောအဆင့်လေးဆင့်နှင့် အဓိကသတ်မှတ်ထားသည့် နယ်ပယ်များအလိုက်စွမ်းဆောင်ရည်အဆင့်များမှာ အစပြုခြင်း၊ တိုးတက်လာခြင်း၊ အောင်မြင်ကျော်ဖြတ်လာနိုင်ခြင်း၊ ရှာဖွေသိရှိလာနိုင်ခြင်း တို့ဖြစ်သည်။

သင့်ကလေး၏ စုစုပေါင်း စကေးအလိုက်ရမှတ်( ကိန်းဂဏန်း ၀ နှင့် ၂၅၀ ကြား)နှင့် စွမ်းဆောင်ရည်အဆင့်များ (ရှာဖွေသိရှိလာနိုင်ခြင်း၊ အောင်မြင်ကျော်ဖြတ်လာနိုင်ခြင်း၊ တိုးတက်လာခြင်း(သို့) အစပြုခြင်း) အားသိရှိမည်ဖြစ်သည်။ အကဲဖြတ်စစ်ဆေးမှုမှ အရာရာတိုင်းကို တုန့်ပြန်ဖြေဆိုမှုမရှိသော ကျောင်းသားကျောင်းသူများအား မရေရာသော သတ်မှတ်ချက်တစ်ခု ပေးမည်ဖြစ်သည်။

## ယင်းရမှတ်များအား မည်သို့ အသုံးပြုမည်နည်း။

အကဲဖြတ်စစ်ဆေးမှုအစီစဉ်၏ မူလရည်ရွယ်ချက်မှာ ကောလိုရာဒိုကျောင်းများမှ သိသိသာသာဉာဏ်ရည်ချို့တဲ့နေသော ကျောင်းသူကျောင်း သားများသည် သိပ္ပံနှင့် လူမှုရေးဘာသာရပ်ဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုများ၏ အဓိကသတ်မှတ်ထားသည့်နယ်ပယ်များတွင် ကော်လိုရာဒိုပညာရေးစံနှုန်းများမှ တိုးချဲ့ထားသောသက်သေတည်ရလာဒ်များနှင့် ပြည့်မီကိုက်ညီမှုရှိသည့် အဆင့် ပမာဏကို သိရှိသတ်မှတ်ရန်ဖြစ်သည်။ CoALT မှရလာဒ်များအား အသုံးပြုပြီး တိုးချဲ့သတ်မှတ်ထားသော သက်သေတည်ရလာဒ်များနှင့်စပ်လျဉ်း၍ သင့်ကလေး၏ပညာရေးတိုးတက်မှုကိုတိုင်းတာရန်ရည်ရွယ်သည်။

## ? နောက်ထပ်အချက်အလက်များလိုအပ်ပါသလား

အကဲဖြတ်ဆန်းစစ်မှုများအကြောင်း နောက်ထပ်အချက်လက်များလိုပါက တာဝန်ယူဆောင်ရွက်ရေး၊သုတေသနပြုလုပ်ရေးနှင့် အကဲဖြတ်သုံးသပ်ရေးဆိုင်ရာ ဝက်ဘ်ဆိုက် http://testing.dpsk12.orgသို့ဝင်ရောက်ကြည့်ရှုပါ။

သင်မှ သင့်ကလေးပညာရေးတွင် ပါဝင်ပတ်သက်ပေးရန် ကျွန်ုပ်တို့ တိုက်တွန်းလိုပါသည်။ သင့်ကလေးအား သင်အိမ်တွင်အထောက်အကူပြုပေးနိုင်မည့်နည်းလမ်းများသိလိုပါကနှင့် မသန်စွမ်းမှုအတွက်စစ်ဆေးမှုဆိုင်ရာနေ မွမ်းမံပြင်ဆင်ပေးမှုများ ရရှိနိုင်မှုတို့အကြောင်းသိလိုပါကသင့်ကလေးဆရာနှင့် ဆွေးနွေးရန်မတုန့်ဆိုင်းပါနှင့်။

အောက်ပါတို့ အပါအဝင် အထောက်အကူပြုသော အချက်လက်များရှာဖွေရန် http://standards.dpsk12.org/standards-resources/ ကိုဝင်ရောက်ကြည့်ရှုရန် တိုက်တွန်းလိုပါသည် -

- မိဘများအတွက် နည်းပညာဆိုင်ရာ လမ်းညွှန်
- အင်္ဂလိပ်စာသင်ယူသူများအတွက်အချက်လက်များ
- ကော်လိုရာဒိုပြည်နယ်မှ လိုအပ်သည့်ရင်းမြစ်များ

သင့်တွင် အကဲဖြတ်ဆန်းစစ်မှုနှင့်စပ်လျဉ်းပြီး မေးခွန်းများရှိပါက သင့်ကလေးကျောင်းသို့ တိုက်ရိုက်ဆက်သွယ်ပါ (သို့) မိသားစုများအတွက်ဒေသတွင်းအစိုးရဝန်ဆောင်မှုများဌာနသို့ (၇၂၀)၄၂၃-၃၀၅၄ သို့ဆက်သွယ်ခေါ်ဆိုပါ။